

# မြို့ကိုသွားဖို့အတွက် အိမ်ကနေထွက်ခွာလာခြင်း

## The day I left home for the city


Lesley Koyi, Ursula Nafula

Brian Wambi

Naw Thazin Hpway


3

မြန်မာဘာသာ my / English en




ကျွန်တော့ရဲ့ရွာမှာရှိတဲ့ ဘတ်စ်ကားဂိတ်သေးသေးလေးဟာ လူတွေနဲ့ ရှုပ်နေပြီးဘတ်စ်ကားတွေကလည်း လူတင်ထားတာအလွန်အကျွံများပြားနေပါတယ်။ အောက်မှာဆိုရင် ပစ္စည်းတွေနဲ့ ပိုပြီးလေးလံနေပါတယ်။ လက်မှတ်ရောင်းသမားတွေကလည်း သူတို့ရဲ့ ဘတ်စ်ကားသွားမယ့်နေရာတွေရဲ့အမည်ကို အော်နေပါတယ်။

. . .

The small bus stop in my village was busy with people and overloaded buses. On the ground were even more things to load. Touts were shouting the names where their buses were going.




“မြို့ကြီး၊ မြို့ကြီး၊ အနောက်ဘက်ကိုသွားမယ်” ဆိုတဲ့ လက်မှတ်ရောင်းသမားရဲ့ အော်သံကိုကြားလိုက်ပါတယ်။ အဲ့ဒီရဲ့ ဘတ်စ်ကားဟာ ကျွန်တော်လိုက်သွားရမယ့် ဘတ်စ်ကားဘဲ။

. . .

“City! City! Going west!” I heard a tout shouting. That was the bus I needed to catch.




မြို့ကိုသွားမယ့် ဘတ်စ်ကားဟာ ပြည့်ခါနီးနေပါပြီ ဒါပေမယ့် လူတွေက တိုးကြိတ်ပြီးတက်နေတုန်းပါဘဲ။ တစ်ချို့က သူတို့အိတ်ကို ကားအောက်မှာထားပါတယ်။ တစ်ချို့တော့ သူတို့အိတ်ကို ကားပေါ်က တန်းထဲမှာထားပါတယ်။

. . .

The city bus was almost full, but more people were still pushing to get on. Some packed their luggage under the bus. Others put theirs on the racks inside.



ခရီးသည်အသစ်တွေဟာ သူတို့ရဲ့လက်မှတ်ကို ဆောင့်ဆွဲယူပြီး လူတွေနဲ့ပြည့်နက်နေတဲ့ ဘတ်စ်ကားပေါ်မှာ ထိုင်ဖို့နေရာ လိုက်ရှာပါတယ်။ ကလေးငယ်ပါတဲ့ အမျိုးသမီးတွေဟာ ခရီးရှည်တစ်လျှောက်လုံး သူတို့ကလေးကို သက်သောင့်သက်သာဖြစ်စေပါတယ်။

. . .

New passengers clutched their tickets as they looked for somewhere to sit in the crowded bus. Women with young children made them comfortable for the long journey.



ကျွန်တော်ကတော့ ပြတင်းပေါက်နားမှာ ကျုံ့ကျုံ့လေးထိုင်လိုက်ပါတယ်။ ကျွန်တော့်နားမှာ ထိုင်တဲ့သူက ပလတ်စတစ်အိတ်အစိမ်းရောင်ကို ကျစ်ကျစ်ပါအောင် ကိုင်ထားပါတယ်။ သူဟာ ညှပ်ဖိနပ်အဟောင်း၊ စုတ်နေတဲ့ကုတ်အင်္ကျီ ဝတ်ထားပြီးစိတ်လှုပ်ရှားနေပုံပေါ်ပါတယ်။

• • •

I squeezed in next to a window. The person sitting next to me was holding tightly to a green plastic bag. He wore old sandals, a worn out coat, and he looked nervous.



ကျွန်တော်ဟာ ဘတ်စ်ကားရဲ့ အပြင်ဘက်ကိုရှုပြီး ကျွန်တော်ကြီးပြင်းလာတဲ့ ရွာကနေထွက်ခွာလာနေကြောင်း သိနားလည်လိုက်ပါတယ်။ ကျွန်တော်ဟာ မြို့ကြီးကိုသွားနေပါတယ်။

. . .

I looked outside the bus and realised that I was leaving my village, the place where I had grown up. I was going to the big city.



လူတွေတက်တာပြည့်သွားတဲ့အခါမှာ ခရီးသည်တွေဟာ နေရာယူကပြါတယ်။ ခေါင်းရွက်စျေးသည်တွေကတော့ သူတို့ရောင်းတာတွေကုန်အောင် ဘတ်စ်ကားထဲတိုးဝှေ့ ဝင်နေတုန်းပါဘဲ။ လူတိုင်းက သူတို့ရောင်းတဲ့ပစ္စည်းတွေရဲ့အမည်ကို အော်ဟစ်နေကပြါတယ်။ စကားလုံးတွေကတော့ ကျွန်တော့အတွက် ရီစရာဖြစ်နေပါတယ်။

. . .

The loading was completed and all passengers were seated. Hawkers still pushed their way into the bus to sell their goods to the passengers. Everyone was shouting the names of what was available for sale. The words sounded funny to me.



အချို့သောခရီးသည်တွေက သောက်စရာတွေကို ဝယ်ပြီးအချို့က မုန့်တွေကိုဝယ်ပြီးဝါးနေပါတယ်။ ကျွန်တော်လိုပိုက်ဆံမရှိတဲ့သူတွေကတော့ ကြည့်ဘဲကြည့်နေပါတယ်။

. . .

A few passengers bought drinks, others bought small snacks and began to chew. Those who did not have any money, like me, just watched.



ဒီလိုလုပ်နေတာတွေကို ကားစထွက်ဖို့အဆင်သင့်ရှိပြီဆိုတာ
သတိပေးတဲ့ ကားဟွန်းတီးတာက ဖျက်လိုက်ပါတယ်။ လ
က်မှတ်ရောင်းတဲ့သူက ခေါင်းရွက်ဈေးသည်တွေကို မောင်း
ထုတ်လိုက်ပါတယ်။

. . .

These activities were interrupted by the hooting of the bus, a sign that we were ready to leave. The tout yelled at the hawkers to get out.



ခေါင်းရွက်ဈေးသည်တွေဟာ တစ်ဦးကိုတစ်ဦးတွန်းထုတ်ပြီး ကားအပြင်ဘက်ကို ထွက်လာပါတယ်။ တစ်ချို့က ခရီးသွားတွေကို အကြွေပြန်အမ်းပါတယ်။ တစ်ချို့ကလည်း နောက်ဆုံးမိနစ်ထိ သူတို့ပစ္စည်းရောင်းထွက်ဖို့အတွက် ကြိုးစားကြပါတယ်။

. . .

Hawkers pushed each other to make their way out of the bus. Some gave back change to the travellers. Others made last minute attempts to sell more items.



ဘတ်စ်ကားဟာ ဘတ်စ်ကားဂိတ်ကနေ ထွက်ခွာလာတဲ့အခါ ကျွန်တော်ဟာ ပြတင်းပေါက်အပြင်ဘက်ကို ငေးကြည့်ပါတယ်။ ကျွန်တော်ဘယ်တော့မှာ ရွာကိုပြန်ရောက်မလဲဆိုတာကို တွေးမိပါတယ်။

. . .

As the bus left the bus stop, I stared out of the window. I wondered if I would ever go back to my village again.



ခရီးဆက်သွားရင်း ကားအတွင်းပိုင်းက အရမ်းပူလာပါတယ်။ ကျွန်တော်ဟာ အိပ်ပျော်ဖို့အတွက် မျက်စိမှိတ်ထားလိုက်ပါတယ်။

...

As the journey progressed, the inside of the bus got very hot. I closed my eyes hoping to sleep.



ဒါပေမယ့် ကျွန်တော့်စိတ်က အိမ်ကိုဘဲ ပြန်သယ်ဆောင်သွားပါတယ်။ အမေလုံခြုံပြီလား။ ယုန်ကလေးတွေကော ပိုက်ဆံရပ့်ါမလား။ ညီလေးကကော ကျွန်တော့်ရဲ့ အပင်ပေါက်လေးတွေကို ရေလောင်းဖို့အတွက် သတိရပ့်ါမလား။

...

But my mind drifted back home. Will my mother be safe? Will my rabbits fetch any money? Will my brother remember to water my tree seedlings?



လမ်းမှာ ကျွန်တော်က မြို့ပြာနေတဲ့ ကျွန်တော့်ဦးလေးရဲ့ နေရာ
နာမည်ကိုလည်း အလွတ်ကျက်ထားပါတယ်။ အိပ်နေဆဲဘဲ
ကျွန်တော်ဟာ မကဘြဲးတကဘြဲးနဲ့ ရေရွတ်နေပါတယ်။

. . .

On the way, I memorised the name of the place where my uncle lived in the big city. I was still mumbling it when I fell asleep.



ကိုးနာရီကျော်ကြာတဲ့အခါမှာ ဆူညံသံတွေ၊ ရွာကိုပြန်ဖို့ခရီးသည်အော်ခေါ်သံတွေနဲ့ ကျွန်တော်နိုးပါတယ်။ ကျွန်တော့်ရဲ့ အိတ်သေးသေးလေးကိုယူပြီးကားပေါ်ကနေ ဆင်းချလာပါတယ်။

. . .

Nine hours later, I woke up with loud banging and calling for passengers going back to my village. I grabbed my small bag and jumped out of the bus.




အပြန်မှာလည်း ဘတ်စ်ကားက အမြန်ပြည့်သွားပါတယ်။ သိပ်မကြာခင် အရှေ့ဘက်ကို ပြန်သွားပါတော့မယ်။ ယခု ကျွန်တော့်အတွက်အရေးကြီးဆုံးက ကျွန်တော့ဦးလေးရဲ့အိမ်ကို စရှာဖို့ဘဲဖြစ်ပါတယ်။

. . .

The return bus was filling up quickly. Soon it would make its way back east. The most important thing for me now, was to start looking for my uncle’s house.

# Global Storybooks

globalstorybooks.net

## မြို့ကိုသွားဖို့အတွက် အိမ်ကနေထွက်ခွာလာခြင်း

## The day I left home for the city

Lesley Koyi, Ursula Nafula
Brian Wambi
Naw Thazin Hpway (my)

CC BY